## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၃၂) ရက်မြောက်နေ့ အစီအစဉ်

## ( ၃၀ – ၇ –၂၀၂၆ ) (ကြာသပတေးနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင့်လွင်၊ လောင်းလုံးမဲဆန္ဒနယ်၏ **ထားဝယ်ခရိုင်၊ စိုက်ပျိုးရေးဦးစီး ဌာနရုံးရှိ ဓါတ်ခွဲခန်းများတွင် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်း ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ဓာတ်ခွဲခန်းဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်၏ **ဝမ်းတွင်း၊ မြစ်သားနှင့် တံတားဦး မြို့နယ်များသို့ ရေပေးဝေနိုင်ရေးအတွက် ကင်းတား လက်ဝဲမြောင်းမကြီးအား အဆင့်မြှင့်တင်ပေးရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်၏ **မိုးစပါးအပြင် နွေစပါးကိုပါ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သည့်နှစ်ကာလအတွင်း မည်မျှရာခိုင်နှုန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်အောင် စီမံမျှော်မှန်းထားရှိသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမိုးတင်၊ စေတုတ္တရာမဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်တွင် စိုက်ပျိုးရေပေးဝေနေသော မြောင်းမကြီးကို အဝင်ဝအသစ်တူးဖော်ရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါ်ဇာခြည်လွင်၊ မိုးညိုမဲဆန္ဒနယ်၏ **မိုးညိုမြို့နယ်အတွင်းရှိ နတ္တလင်း- မိုးညို- လက်ပံတန်းလမ်းပိုင်းရှိ ပျက်စီးနေသည့် အပိုင်းဖြစ်သော ၈ မိုင် ၅ ဖာလုံအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်၏ **သာပေါင်းမြစ်ကူး တံတား(၄၀န်)၊ ဆင်လမ်းဖာစည်ကွင်းတံတား (ဒါးက)နှင့် ကားကြီးကွင်း ယာဉ်ရပ်နားစခန်း (ထွန်စက်ကုန်း)တို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ- မြိုင်ပဟေဝန်လမ်းမကြီး၏ ကျန်လမ်းပိုင်း (၁၀/၃)မိုင်ကို ကွန်ကရစ်လမ်းခင်းပေးပါရန်နှင့် ခင်းပြီး (၂/၁)မိုင်အား ချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါက်တာပွင့်ဆန်း၊ ရပ်စောက်မဲဆန္ဒနယ်၏ **ရွှေညောင်- ရပ်စောက်- အင်တော- ကျောက်ဂူ- နောင်ချိုလမ်း ဆင်တဲတံတားနှင့် ပစောက်ကွေ့တံတားတို့အား လမ်းအကျယ် (၂၈)ပေ၊ တံတားခံနိုင်ဝန် (၆၀)တန် RCC တံတားများအဖြစ် တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်၏ **အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးယောအေးလှ၊ နန်းယွန်းမဲဆန္ဒနယ်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆင်သေ(ခန္တီး)- လဟယ်- နန်းယွန်း NH- (၄၈) လမ်းပိုင်းမှ လဟယ်- နန်းယွန်းကြား အလွန်မတ်ဆောက်သည့် လမ်းကွေ့နေရာများအား ပြုပြင်ရန် ကျွမ်းကျင်ကွင်းဆင်းအဖွဲ့စေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) စိုင်းအောင်ညွှန့်၊ မိုင်းရယ်မဲဆန္ဒနယ်၏ **မိုင်းရယ်မြို့နယ်၊ မန်ပုံရွာမှ နမ့်လောင်းတံတားလမ်းကို (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးကျော်သန်း၊ မာန်အောင်မဲဆန္ဒနယ်၏ **မာန်အောင်မြို့မှ တောင်နီ(ခေါ်) မြေနီတောင်အထိ ကွန်ကရစ်လမ်းခင်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပြီးစီးကြောင်း ကြေညာခြင်း။